ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

## နအဖ စစ်အုပ်စု၏ ကြေညာချက်အမှတ် (၁/၂၀၀၆)အပေါ် သဘောထားထုတ်ပြန်ချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီသည် ၂၀၀၆ ခုနှစ် ၊ ဧပြီလ ၁၂ရက်နေ့စွဲဖြင့် နအဖ စစ်အုပ်စု ပြည်ထဲရေးဝန်ကြီးဌာနမှ – ပြည်ထောင်စုမြန်မာ နိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ NCGUB, အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်–လွတ်မြောက်နယ်မြေNLD(LA), မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF), မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(FTUB) စသည့် အဖွဲ့အစည်း(၄)ဖွဲ့အား အကြမ်းဖက် အဖွဲ့အစည်းများ အဖြစ် ကြေညာချက်ထုတ်ပြန်မှုအပေါ် ပြင်းထန်စွာကန့်ကွက် ရှုံ့ချလိုက်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ(NCGUB), အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်–လွတ်မြောက် နယ်မြေNLD(LA), မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF), မြန်မာနိုင်ငံ အလုပ် သမားသမဂ္ဂများအဖွဲ့ချုပ်FTUB စသည်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အဖွဲ့ဝင် အဖွဲ့အစည်း များဖြစ်ပြီး၊ ဒီမိုကရေစီရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သည့် ဖက်ဒရယ် ပြည်ထောင်စု သစ်ပေါ်ပေါက်ရေးအတွက် လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများသာဖြစ်သည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ တိုင်းရင်းသား လူမျိုးများကောင်စီ၊ မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကျောင်းသားနှင့် လူငယ်များ အဖွဲ့ချုပ်တို့ ပူးပေါင်းပြီး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေကို ပွင့်လင်းပြီး အပြန်အလှန် ဆွေးနွေးမှုဖြင့် ရေးဆွဲနေသည်ကို နအဖ စစ်အုပ်စုသိရှိ၍ လွန်စွာကြောက်ရွံ့ကာ ဟန့်တားလိုသည့်အတွက် ဤသို့ စွပ်စွဲဝါဒဖြန့်ခြင်း ဖြစ်သည်။

၄။ အမှန်ဖြစ်ရပ်မှာ –

- တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသည့်ဖက်ဒရယ်ပြည်ထောင်စုမှုကို ပြည်ထောင်စု ပြိုကွဲရေးဟု ဝါဒဖြန့်၍တိုင်းပြည်၏အချုပ်အချာအာဏာကို ၁၉၆၂ တွင် လက်နက်ဖြင့် အကြမ်းဖက် ရယူခြင်း၊
- မြန်မာနိုင်ငံပြည်သူလူထုတရပ်လုံး၏ သဘောဆန္ဒဖြစ်သော ၁၉၉၀ခုနှစ်ရွေးကောက်ပွဲရလဒ်ကို မျက်ကွယ် ပြုခြင်း၊
- တိုင်းရင်းသားပေါင်းစုံလူမျိုးစုများအပေါ် အကြမ်းဖက်ဖိနှိပ်ခြင်း၊
- ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင်ကို လုပ်ကြံသတ်ဖြတ်ရန် အကြိမ်ကြိမ်ကြိုးပမ်းခြင်း၊
- ဒီမိုကရေစီရေးတိုက်ပွဲဝင်သူများကို နည်းမျိုးစုံဖြင့် ဖမ်းဆီးသတ်ဖြတ်ချေမှုန်းမှုများ ဆက်တိုက် လုပ်ဆောင် နေခြင်း၊
- အာဏာတည်မြဲရေးနှင့်ပတ်သက်လာလျှင် ၎င်းတို့ စစ်အုပ်စုအချင်းချင်းပင် တရားခံမပေါ်အောင် လုပ်ကြံသတ်ဖြတ်ခြင်း၊ တို့သည်စစ်အုပ်စု၏လုပ်ရပ်များသာဖြစ်သည်။

၅။ စစ်မှန်သည့် ဒီမိုကရေစီရေး၊ ပြည်ထောင်စုအရေးကို တစိုက်တမတ် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများကို ပြည်သူလူထုနှင့် နိုင်ငံတကာမှ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးဖိနိုင်စေရန် အတွက် နအဖစစ်အုပ်စုမှ မည်ကဲ့သို့သော မမှန်မကန်ဝါဒဖြန့်ချိခြင်းပြုလုပ်စေကာမူ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီနှင့် အဖွဲ့ဝင်အဖွဲ့အစည်းများအားလုံးသည် မြန်မာနိုင်ငံတွင် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် ဆက်လက်ကြိုးပမ်း လုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း အသိပေးလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

ရက်စွဲ ။ ။ ၂၀၀၆ ခုနှစ်၊ ဧပြီလ (၁၈)ရက်။

ဆက်သွယ်ရန် –– ဦးမြင့်သိန်း ဖုံး – ၆၆– ၀၇–၈၀၈–၃၅၅၂